**FIBER TO THE HOME / FIBER TO THE BUILDING နှင့် VOIP ဝန်ဆောင်မှုဆိုင်ရာ သီးသန့်စည်းကမ်းချက်များ**
**(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ၊ (၂၈) ရက်နေ့)**

**ဝန်ဆောင်မှုအား စတင်ခြင်း သို့မဟုတ် သုံးစွဲခြင်းအားဖြင့် သုံးစွဲသူသည် ဤသီးသန့်စည်းကမ်းချက်များတွင်ပါဝင်သည့် စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များနှင့် MPT ၏ အထွေထွေစည်းကမ်းချက်များအား အပြည့်အဝ ဖတ်ရှုနားလည်ပြီးဖြစ်ကြောင်းနှင့် ဤသီးသန့်စည်းကမ်းချက်များတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များအားလုံးသည် သုံးစွဲသူအပေါ် စည်းနှောင်မှုရှိကြောင်းကို နားလည်လက်ခံသဘောတူပါသည်။**

**၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ**

၁.၁ ဤသီးသန့်စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ(“သီးသန့်စည်းကမ်းချက်များ”)အား ဤသီးသန့်စည်းကမ်းချက်များ၏ သီးခြားခွဲထုတ်၍မရသောတစ်စိတ်တစ်ဒေသဖြစ်သည့် MPT ၏ အထွေထွေစည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ(“အထွေထွေစည်းကမ်းချက်များ”)နှင့်ယှဉ်တွဲ၍ ဖတ်ရှုနားလည်ရပါမည်။

၁.၂ သီးသန့်စည်းကမ်းချက်များနှင့် အထွေထွေစည်းကမ်းချက်များအကြား ကွဲလွဲဆန့်ကျင်မှုတစ်စုံတစ်ရာ ရှိပါက သီးသန့်စည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်များက အထွေထွေစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ကွဲလွဲမှုများရှိသည့် အတိုင်းအတာအထိ လွှမ်းမိုးပါသည်။

၁.၃ အောက်တွင် အတိအကျအဓိပ္ပာယ်သတ်မှတ်ထားခြင်းမရှိသော်လည်း ဤသီးသန့်စည်းကမ်းချက်များတွင်ပါဝင်သည့် အင်္ဂလိပ်စာလုံးအကြီးဖြင့် ရေးထားသော ဝေါဟာရများသည် အထွေထွေစည်းကမ်းချက်များတွင် ဖော်ပြထားသည်နှင့် တူညီသော အဓိပ္ပာယ်ရှိစေရမည် -

**“ဝန်ဆောင်မှုစတင်သောနေ့”** ဆိုသည်မှာ MPT က ဝန်ဆောင်မှုအား စတင်ပေးသည့်နေ့ကို ဆိုလိုပါသည်။

**“လျှောက်လွှာပုံစံ”** ဆိုသည်မှာ ဝန်ဆောင်မှု တပ်ဆင်ရန် လျှောက်ထားသည့်အခါတွင် သုံးစွဲသူက ဖြည့်စွက်ပေးသည့် ဝန်ဆောင်မှုတပ်ဆင်ရမည့်လိပ်စာနှင့် အလားတူအချက်အလက်များစသည့် အဆိုပါသုံးစွဲသူနှင့်သက်ဆိုင်သည့် အသေးစိတ်သတင်းအချက်အလက်များနှင့် သတ်မှတ်ချက်များပါဝင်သည့် ပုံစံကို ဆိုလိုပါသည်။

**“သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့်ပစ္စည်းကိရိယာများ**" ဆိုသည်မှာ သုံးစွဲသူ၏ဥပစာအတွင်း MPT မှ အစားထိုးလဲလှယ်ထားသော (သို့မဟုတ်) တပ်ဆင်ထားသော (နှင့်/သို့မဟုတ်) မှာယူတပ်ဆင်ထားပေးသော MPT မှ သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့်ပစ္စည်းကိရိယာများ အဖြစ်သတ်မှတ်ထားသည့် Optical Network Terminal (ONT), ONT ၏ Power Adapter, Patch Code၊ Access Terminal Box (ATB)၊ ကေဘယ်ကြိုး နှင့် အဆိုပါကဲ့သို့သော အခြားဆက်စပ် ပစ္စည်းကိရိယာများကို ရည်ညွှန်းပါသည်။ ပိုမိုရှင်းလင်းစွာဆိုရလျှင် သုံးစွဲသူသည် ဝန်ဆောင်မှုအတွက် ၎င်း၏ ကိုယ်ပိုင်လက်ကိုင်ဖုန်းကို အသုံးပြုရမည်ဖြစ်ပြီး အဆိုပါဖုန်းအား သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့်ပစ္စည်းကိရိယာ (သို့မဟုတ်) MPT ပစ္စည်းကိရိယာအဖြစ် ထည့်သွင်းသတ်မှတ်မည်မဟုတ်ပါ။ သုံးစွဲသူသည် ဝန်ဆောင်မှုအား ရပ်စဲပြီးနောက်တွင် သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့် ပစ္စည်းကိရိယာများအား MPT သို့ ပြန်လည်အပ်နှံရမည်။

**"Domain Name System"** သို့မဟုတ် "**DNS**" ဆိုသည်မှာ Domain အမည်များအား IP Address များအဖြစ်သို့ ပြောင်းလဲပေးသော အင်တာနက်ဝန်ဆောင်မှုတစ်ခုကို ဆိုလိုပါသည်။

"**ဟန်းဆက်**" ဆိုသည်မှာ အထိုင်ဖုန်းဟန်းဆက်(RJ11 နှင့် DTMFကို ထောက်ပံ့ပေးပြီး ယင်း၏သက်ဆိုင်ရာကေဘယ်လ်ကြိုးများ)ကို ဆိုလိုပါသည်။

"**FTTH**" ဆိုသည်မှာ Fiber to the Home နှင့်/သို့မဟုတ် Fiber to the Building ဝန်ဆောင်မှုကို သက်ဆိုင်သည့်အလျောက် ဆိုလိုပါသည်။

အနည်းကိန်း "**IP Address**" သို့မဟုတ် အများကိန်း "**IP Addresses**" သည် TCP/IP ကွန်ရက်တစ်ခုပေါ်တွင် ကွန်ပြူတာတစ်လုံး သို့မဟုတ် စက်ပစ္စည်းတစ်ခုကို ကိုယ်စားပြုသော Internet Protocol လိပ်စာ(များ)ကို ရည်ညွှန်းပါသည်။

**"အင်တာနက်ဝန်ဆောင်မှုပေးသူ"** သို့မဟုတ် **"ISP"** ဆိုသည်မှာ အင်တာနက်ဝန်ဆောင်မှုများ ထောက်ပံ့ပေးသူကို ဆိုလိုပါသည်။

**"Local Access Circuit"** သည် သုံးစွဲသူများ၏ ဥပစာ နှင့် (PoP ၊ Local Exchange ၊ Central Office စသဖြင့် အမျိုးမျိုးခေါ်ဝေါ်သုံးစွဲသော) MPT ၏ အနီးဆုံး Network Node/Point of Preference အကြား ချိတ်ဆက်မှုကို ရည်ညွှန်းပါသည်။

**"ဝန်ဆောင်မှု"** ဆိုသည်မှာ MPT က သုံးစွဲသူများထံ ပံ့ပိုးသည့် (က) FTTH ဝန်ဆောင်မှုနှင့် (ခ) VoIP ဝန်ဆောင်မှုတို့ပါဝင်သည့် စုစည်းထားသောဝန်ဆောင်မှုကို ဆိုလိုပါသည်။

**"ဝန်ဆောင်မှုစီမံခန့်ခွဲခြင်းနယ်နိမိတ်"** သို့မဟုတ် **"SMB"** သည် MPT ပစ္စည်းကိရိယာများအထိသာ ကန့်သတ်ထားရပါမည်။ ဤကိစ္စနှင့်ပတ်သက်၍ လျှောက်လွှာပုံစံတွင် အဆောက်အဦအတွင်းရှိကေဘယ်လ်ကြိုးများကို MPT က ပိုင်ဆိုင်သည်ဟု ဖော်ပြထားပါက ယင်းတို့ကို MPT ပစ္စည်းကိရိယာများဟု မှတ်ယူရမည်ဖြစ်ပြီး SMB အတွင်းကျရောက် သည်ဟု မှတ်ယူရမည်။ သံသကင်းရှင်းစေရန် ဖော်ပြရလျှင် သုံးစွဲသူထံ လွှဲပြောင်းပေးသည့်ပစ္စည်းကိရိယာများသည် SMB ၏ တစ်စိတ်တစ်ပိုင်းမဟုတ်ဘဲ SMB ၏ ပြင်ပတွင် ရှိမည်ဖြစ်သည်။

"**တည်နေရာ**" ဆိုသည်မှာ ဝန်ဆောင်မှုပေးအပ်ရမည့် သုံးစွဲသူဥပစာ၏ အကောင်အထည်ရှိသောတည်နေရာကို ဆိုလိုပါသည်။

"**VoIP**" ဆိုသည်မှာ Voice Over IP ၏ အတိုကောက်ဖြစ်ပြီး IP ကွန်ရက်များပေါ်တွင် အသံနှင့် ရုပ်သံပါဝင်သော အကြောင်းအရာများကို ဆက်သွယ်ပေးပို့နိုင်သည့် နည်းပညာ ဖြစ်ပါသည်။

## ၂။ ဝန်ဆောင်မှုဖော်ပြချက်

၂.၁ ဝန်ဆောင်မှုသည် FTTH နှင့် VoIP မိုဘိုင်းစုစည်းမှုဖြစ်သည်။ အတိအကျအားဖြင့် -

၂.၁.၁ FTTH - ပုံသေချိတ်ဆက်မှုမှတဆင့် အင်တာနက်သို့ မြန်နှုန်းမြင့်သတ်မှတ်ချိတ်ဆက်မှုနှင့် ကြိုးမဲ့ မိုဘိုင်းအသံ၊ ဒေတာနှင့် SMS ဝန်ဆောင်မှုတို့ဖြစ်ပြီး

၂.၁.၂ VoIP – MPT ၏ ကွန်ရက်တခုလုံးတွင် VoIP ဝန်ဆောင်မှုကို အသုံးပြုနိုင်သည့် ကန့်သတ်ထားသော၊ တစ်ဦးတည်းသီးသန့်မဟုတ်သော၊ လွှဲပြောင်း၍မရသော အခွင့်အရေးဖြစ်သည်။

၂.၂ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် FTTH နှင့် VoIP နှစ်ခုစလုံးသည် ဝန်ဆောင်မှုတွင် ခွဲထုတ်၍မရဘဲ အစိက ပါဝင်ပြီး ဝန်ဆောင်မှုတစ်ခုစလုံးကို ရပ်စဲခြင်းမရှိဘဲ ယင်းတို့ထဲမှတစ်ခုခုအား ကြိုတင်ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း မပြုလုပ်နိုင်ပါ။ ဝန်ဆောင်ခများ အပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟု ကန့်သတ်မထားသည့် ဤဝန်ဆောင်မှု၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များသည် MPT မှ သုံးစွဲသူသို့ FTTH နှင့် VoIP ဝန်ဆောင်မှုများ ပေးအပ်ခြင်းအပေါ် မူတည်ကြောင်း စာချုပ်ဝင်များက နားလည်သဘောပေါက်ပါ သည်။

၂.၃ ဝန်ဆောင်မှုတွင် Optical Fibre Access Circuit မှတဆင့် ဆက်သွယ်ထားသော သုံးစွဲသူထံ Ethernet ပါဝင်သည့် ယှဉ်တွဲ/မျှဝေသုံးစွဲရသော ဝန်ဆောင်မှုတစ်ခု ပါဝင်ပါသည်။ ဝန်ဆောင်မှုသည် အာမခံမထားသည့် အမြန်နှုန်းရရှိနိုင်မှု များအပေါ်မူတည်၍ တိုးချဲ့နိုင်ပါသည်။ ဤအမြန်နှုန်းတွင် Uplink နှင့် Downlink Access များ အကျုံးဝင်ပါသည်။

၂.၄ ဝန်ဆောင်မှုတွင် ပြောင်းလဲနိုင်သည့် မိုဘိုင်းအသံ၊ ဒေတာနှင့် အကန့်အသတ်မဲ့ SMS ဝန်ဆောင်မှုများလည်း ပါဝင်သည်။

၂.၅ အကန့်အသတ်မဲ့ SMS သည် တစ်ကိုယ်ရည်အသုံးပြုရန်အတွက်သာဖြစ်ပြီး ပြန်လည်ရောင်းချရန်မဟုတ်ပါ။ လူတစ်ဦးမှ ပုဂ္ဂလိကအသုံးပြုမှုအတွက် ကျိုးကြောင်းဆီလျော်သည့် အသုံးပြုမှုကန့်သတ်ချက်များဖြင့် တစ်လလျှင် စာတို ၉၉၉,၉၉၉ စောင် အသုံးပြုမှု မူဝါဒကို အချိန်တိုင်း လိုက်နာရမည်ဖြစ်သည်။ ဤကန့်သတ်ချက်ကို ကျော်လွန်၍ အသုံးပြုပါက လက်ရှိတည်ဆဲဖြစ်သည့် ပြည်တွင်း SMS အသုံးပြုမှုနှုန်းထားများအတိုင်း အလိုအလျောက် ကောက်ခံသွားမည် ဖြစ်ပါသည်။ အသုံးပြုမှုကန့်သတ်ချက်အား မည်သို့ပင်သတ်မှတ်ထားစေကာမူ လူကြီးမင်း၏ အသုံးပြုမှုသည် အဆမတန်များပြားခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိခြင်း သို့မဟုတ် MPT ၏ နောက်ဆုံးရ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များ (https://mpt.com.mm/en/customer-support/ တွင် ကြည့်ရှုနိုင်ပါသည်)ကို အခြား နည်းချိုးဖောက်သည်ဟု MPT က ၎င်း၏ တစ်ဦးတည်း ဆုံးဖြတ်နိုင်စွမ်းဖြင့် ဆုံးဖြတ်ပါက လူကြီးမင်းအား အသိပေး၍ ဖြစ်စေ၊ အသိမပေး၍ဖြစ်စေ လူကြီးမင်း၏ အသုံးပြုမှုကို ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း သို့မဟုတ် လူကြီး မင်း၏ ဤဝန်ဆောင်မှုအား မှတ်ပုံတင် အသုံးပြုခြင်းကို ရပ်စဲခြင်းနှင့် နောက်ပိုင်းတွင် လူကြီးမင်းအား မည်သည့် MPT ဝန်ဆောင်မှုကိုမဆို ပေးကမ်းခြင်းမပြုဘဲ ငြင်းဆန်ရန် MPT တွင် အခွင့်အရေးရှိပါသည်။

၂.၆ MPT သည် MPT မှပေးအပ်သော IP Address များကိုသာ လမ်းညွှန်ပေးနိုင်မည်ဖြစ်သည်။ သံသယကင်း ရှင်းစေရန် ဖော်ပြရလျှင် MPT မဟုတ်သည့် ISP များက ထုတ်ပေးသော IP Address များကို ဝန်ဆောင်မှု အတွင်း

အသုံးပြုရန် MPT မဟုတ်သည့် ISP ထံမှ လွှဲပြောင်း၍မရပါ။ MPT သည် သုံးစွဲသူများအား ယာယီ (Dynamic) IP Address များသာ သတ်မှတ်ပေးမည်ဖြစ်သည်။

၂.၇ သုံးစွဲသူထံလွှဲပြောင်းပေးသည့်ပစ္စည်းကိရိယာများတွင် တစ်ချိန်တည်း အများဆုံး စက်ပစ္စည်း ဆယ် (၁၀) ခု ချိတ်ဆက် အသုံးပြုနိုင်မည်ဖြစ်သည်။ ဝန်ဆောင်မှုအသုံးပြုရာတွင် သုံးစွဲသူက တစ်ချိန်တည်း စက်ပစ္စည်း ဆယ် (၁၀) ခုထက်ပို၍ ချိတ်ဆက်ပါက MPT အနေဖြင့် ဝန်ဆောင်မှု၏ အရည်အသွေးကို အာမခံနိုင်မည်မဟုတ်ပါ။

## ၃။ ဝန်ဆောင်မှု ပို့ပေးခြင်း

၃.၁ MPT သည် Local Access Circuit ပေးပို့မှုကို အတည်ပြုပြီး ဝန်ဆောင်မှုအား မှန်ကန်အောင်တပ်ဆင်ပေးကာ ဝန်ဆောင်မှု ကောင်းမွန်စွာ အလုပ်လုပ်စေရန် သတ်မှတ်ထားသောစမ်းသပ်မှုများ ပြုလုပ်ပေးပါမည်။

၃.၂ သုံးစွဲသူထံဝန်ဆောင်မှုပေးရာတွင် အသုံးပြုမည့် MPT ပစ္စည်းကိရိယာများနှင့် သုံးစွဲသူထံလွှဲပြောင်းပေးသည့် ပစ္စည်းကိရိယာများကို MPT က တပ်ဆင်ပြီး သုံးစွဲနိုင်သည့်အခြေအနေရောက်အောင် ဆောင်ရွက်ပေးပါမည်။ သုံးစွဲသူထံလွှဲပြောင်းပေးသည့်ပစ္စည်းကိရိယာများတွင် အင်တာနက်ချိတ်ဆက်ရန်အတွက် Ethernet Access Port တစ်ခု ပါဝင်ပါ မည်။

၃.၃ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် အပြီးသတ်ရပ်စဲခြင်းနှင့် Bandwidth အပြောင်းအလဲများပြုလုပ်ခြင်းစသော ဝန်ဆောင်မှုနှင့်ပတ်သက်သည့် မည်သည့်အပြောင်းအလဲကိုမဆို သုံးစွဲသူက ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် အပြီးသတ်ရပ်စဲခြင်း စတင်အသက်ဝင်စေလိုသည့် လ၏ တစ်(၁)ရက်နေ့မတိုင်မီ အနည်းဆုံး အလုပ်လုပ်ရက် ခုနစ်(၇)ရက်ကြိုတင်၍တောင်းဆိုရမည်။ ဤကာလကျော်လွန်ပြီးမှ ပြုလုပ်သောတောင်းဆိုမှုများသည် တောင်းဆိုမှု ပြုပြီးနောက် ဒုတိယလအတွက် အကျိုးဝင်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာအခကြေးငွေများ ကျသင့်ပါမည်။ သံသယကင်းစေရန် ဖော်ပြရလျှင် "အလုပ်လုပ်ရက်" ဆိုသည်မှာ စနေနေ့၊ တနင်္ဂနွေနေ့နှင့် မြန်မာနိုင်ငံရှိ အများပြည်သူအလုပ်ပိတ်ရက်များမဟုတ်သည့် နေ့ရက် တစ်ရက်ရက်ကို ဆိုလိုသည်။

## ၄။ MPT ဝန်ဆောင်မှုစီမံခန့်ခွဲခြင်းနယ်နိမိတ်

၄.၁ SMB ထက်ကျော်လွန်သော အစိတ်အပိုင်းများအားလုံးအား ပေးအပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် သုံးစွဲသူက တာဝန်ရှိပါသည်။

## ၅။ သုံးစွဲသူ၏ တာဝန်ဝတ္တရားများ

၅.၁ အထက်အပိုဒ် ၄ အပြင်နှင့် ထိုအပိုဒ် ၄ အား ထည့်သွင်းစဉ်းစားလျှက် သုံးစွဲသူသည် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိစေရမည်။

၅.၁.၁ သုံးစွဲသူ၏ ဥပစာအတွင်း၌ MPT ပစ္စည်းကိရိယာများထံ ချိတ်ဆက်သောအခါ လိုအပ်လျှင် လိုအပ်လာနိုင်သည့်အတိုင်း အဆောက်အဦအတွင်း ကေဘယ်လ်ချိတ်ဆက်မှုအား ထောက်ပံ့ခြင်း၊

၅.၁.၂ သုံးစွဲသူ၏ဥပစာအတွင်းတပ်ဆင်ထားသော ဟန်းဆက်နှင့် MPT ပစ္စည်းကိရိယာများအား ခဝတ်အားပံ့ပိုးမှု ရရှိစေခြင်း၊

၅.၁.၃ သုံးစွဲသူ၏ ဥပစာအတွင်းရှိ MPT ပစ္စည်းကိရိယာများအားလုံးအား စနစ်တကျဂရုစိုက် ကိုင်တွယ်ထားရှိခြင်း၊

၅.၁.၄ လျှောက်လွှာပုံစံတွင် ရေးသားထားသော သတင်းအချက်အလက်များတွင် မည်သည့်အပြောင်းအလဲမဆို ဖြစ်ပေါ်ပါက MPT အား ချက်ခြင်းအကြောင်းကြားခြင်း၊

၅.၁.၅ အောက်ဖော်ပြပါကိစ္စရပ်တစ်ခုခုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာမှု (သို့မဟုတ်) ဆုံးရှုံးမှုအတွက် သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့်ပစ္စည်းကိရိယာများနှင့်စပ်လျဥ်း၍ ပြန်လည်ပေးလျော်ခြင်း (သို့မဟုတ်) ပြန်လည်အစားထိုးပေးခြင်း။

၅.၁.၅.၁ မတော်တဆလွတ်ကျခြင်း (သို့မဟုတ်) ထိခိုက်ပျက်စီးမှုဖြစ်သွားခြင်း၊

၅.၁.၅.၂ ရေ (သို့မဟုတ်) အခြားသောအရည်များနှင့် ထိတွေ့မိခြင်း၊

၅.၁.၅.၃ ဆားကစ်အား (သို့မဟုတ်) အားသွင်းရာ၌ ခံနိုင်ရည်ထက်ပို၍အသုံးပြုခြင်း (လျှပ်စစ်မီးတည်ငြိမ်မှု မရှိသော အခြေအနေအပါအဝင်)၊

၅.၁.၅.၄ ပစ္စည်းအစိတ်အပိုင်းများအား မှားယွင်းတပ်ဆင်ခြင်း (သို့မဟုတ်) ချိတ်ဆက်ဆောင်ရွက်ခြင်း၊

၅.၁.၅.၅ သတ်မှတ်ထားသောအပူချိန် (သို့မဟုတ်) ပတ်ဝန်းကျင်အခြေအနေများအား သွေဖီပြီး စက်ပစ္စည်းအား အသုံးပြုခြင်း၊

၅.၁.၅.၆ စက်အဖုံးအားဖွင့်ခြင်း (သို့မဟုတ်) ခွင့်ပြုထားခြင်းမရှိသည့်သူတစ်ဦးဦးမှ ပြုပြင်လုပ်ဆောင်ရန် ကြိုးစားခြင်း စသည်တို့ကဲ့သို့သော စက်ပစ္စည်းအား ကလိခြင်း။

၅.၁.၆ ပေးဆောင်ရန် သတ်မှတ်ထားသော နေ့များတွင် သို့မဟုတ် ထိုနေ့များမတိုင်မီ အခကြေးငွေများအားလုံး ပေးချေခြင်း။

၅.၂ သုံးစွဲသူတစ်ဦး၏ အသုံးပြုမှုသည် အခြားသောအသုံးပြုသူများ၏ ကွန်ရက်နှင့် အင်တာနက် အမြန်နှုန်းကို ထိခိုက်မှုဖြစ်စေပါက MPT အနေဖြင့် အဆိုပါအသုံးပြုနေသည့်နှုန်းအား ၎င်း၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အချိန်မရွေး ကန့်သတ်နိုင်သည်။

၅.၃ အထက်ပါ အပိုဒ် ၅.၁.၁ အပြင် သုံးစွဲသူသည် ၎င်းအား ဝန်ဆောင်မှုပေးခြင်းနှင့်စပ်လျဉ်း၍ အဆောက်အဦ ပိုင်ရှင်များထံမှ မည်သည့်တောင်းခံမှုများကိုမဆို MPT အပေါ် မကျရောက်စေရန် တာဝန်ယူဆောင်ရွက်ရမည်။ ကေဘယ်လ်ကြိုးများနှင့် အခြား MPT ပစ္စည်း ကိရိယာများတပ်ဆင်ခြင်းအတွက် အဆောက်အဦများအတွင်းသို့ MPT မှ ဝင်ရောက်နိုင်စေရန်အတွက် ကြိုတင်ခွင့်ပြုချက်ရယူခြင်း အပါအဝင်ဖြစ်သော်လည်း ယင်းချည်းသာဟု ကန့်သတ်မထားသော အဆောက်အဦပိုင်ရှင်များနှင့်ပတ်သက်သည့်ကိစ္စရပ်များအားလုံးအတွက် သုံးစွဲသူတစ်ဦး တည်းကသာလျှင် တာဝန်ရှိသည်။

၅.၄ သုံးစွဲသူ၏ ပေါ့ဆမှုနှင့် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်သည့် မလျော်ကန်သောပြုလုပ်မှုကြောင့်ဖြစ်ပေါ်လာသော ကေဘယ်လ်ကြိုးများနှင့် MPT ပစ္စည်းကိရိယာများထိခိုက်ပျက်စီးမှုအတွက် သုံးစွဲသူတွင် တာဝန်ရှိသည်။

၅.၅ မည်သည့်အကြောင်းကြောင့်မဆို ဝန်ဆောင်မှုအား အပြီးသတ်ရပ်စဲပြီးနောက် သုံးစွဲသူသည် MPT ပစ္စည်းကိရိယာများအားလုံး (သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့်ပစ္စည်းကိရိယာများအပါအဝင်) ကို MPT ၏ လက်ဝယ်ထံ ပြန်လည်ပေးအပ်ရမည်။

၅.၆ အပိုဒ် ၅.၁.၅ ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များအပြင် သုံးစွဲသူသည် ၎င်း၏ ပြုလုပ်မှု၊ ပျက်ကွက်မှုတစ်ခုခုကြောင့် သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့်ပစ္စည်းကိရိယာတစ်ခုခု သို့မဟုတ် MPT ပစ္စည်းကိရိယာ တစ်ခုခုအား ထိခိုက်ပျက်စီးစေခြင်းဖြစ်ပေါ်စေပါက (သို့မဟုတ်) သုံးစွဲသူအား ငှားရမ်းအသုံးပြုခွင့်ပေးထားသည့် ပစ္စည်းကိရိယာတစ်ခုခု သို့မဟုတ် MPT ပစ္စည်းကိရိယာတစ်ခုခုအား ပြန်လည်ပေးအပ်ရန် ငြင်းဆန်ပါက အဆိုပါ ထိခိုက်ပျက်စီးမှု (သို့မဟုတ်) ဆုံးရှုံးမှုများအတွက် MPT အား သုံးစွဲသူမှ အပြည့်အဝပေးလျော်ရမည်။

## ၆။ ဝန်ဆောင်မှုစတင်ခြင်းနှင့် ယာယီရပ်စဲခြင်း

၆.၁ ဝန်ဆောင်မှုစတင်ခြင်းသည် MPT က ကောက်ခံနိုင်သည့် (စတင်ခ၊ တပ်ဆင်ခနှင့် ပစ္စည်းကိရိယာခအပါအဝင် ဖြစ်သော်လည်း ယင်းတို့ချည်းသာဟုကန့်သတ်မထားသော) ကနဦးအခကြေးငွေများအားလုံးကို ကောက်ခံပါက ထိုကနဦးအခကြေးငွေများအားလုံးကို သုံးစွဲသူက အပြည့်အဝပေးချေခြင်းအပေါ်တွင်လည်းကောင်း၊ မှန်ကန်စွာ ဖြည့်စွက်ပြီး စနစ်တကျတင်ပြထားသော လျှောက်လွှာပုံစံအား တင်သွင်း လက်ခံသည့်အခါတွင် MPT က သုံးစွဲသူထံ အသိပေးထားသော မည်သည့်သတ်မှတ်ချက်များအပေါ်မဆို မူတည်ပါသည်။

၆.၂ အပိုဒ် ၆.၁ တွင်ဖော်ပြထားသော သတ်မှတ်ချက်များအား ပြည့်မီပြီးနောက် MPT သည် သုံးစွဲသူအတွက် ဝန်ဆောင်မှုအား တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်ပြီး စတင်စေရန် အကောင်းဆုံး ကြိုးပမ်း ဆောင်ရွက်ရပါမည်။

၆.၃ (အောက်တွင်အဓိပ္ပာယ်သတ်မှတ်ထားသည့်)သုံးစွဲရန်ကတိပြုထားသည့်ကာလကုန်ဆုံးပြီးနောက် သုံးစွဲသူသည် တစ်ကြိမ်စာအခကြေးငွေပေးဆောင်၍ အများဆုံး သုံး(၃)လအထိ ဝန်ဆောင်မှုအား မိမိသဘောဆန္ဒဖြင့် ယာယီ ရပ်စဲနိုင်ပါသည် ("**မိမိသဘောဆန္ဒဖြင့်ယာယီရပ်စဲမှုကာလ**")။ ဝန်ဆောင်မှုကို မိမိသဘောဆန္ဒဖြင့် ယာယီရပ်စဲ ရန်အတွက် သုံးစွဲသူသည် (၂၄)ရက်နေ့ (ဖေဖော်ဝါရီလဆိုလျှင် (၂၂)ရက်နေ့)မတိုင်မီ လျှောက်ထားရမည်ဖြစ်ပါ သည်။ မိမိသဘောဆန္ဒဖြင့် ယာယီရပ်စဲမှုကာလ ကုန်လွန်ပါက လိုင်းပြန်ဖွင့်သွားမည်ဖြစ်သည်။ သုံးစွဲသူအနေ ဖြင့် ဝန်ဆောင်မှုကို အနည်းဆုံး တစ်(၁)လသုံးစွဲပြီးမှသာလျှင် ဝန်ဆောင်မှုကို မိမိသဘောဆန္ဒဖြင့် ထပ်မံ၍ ယာယီရပ်စဲနိုင်မည်ဖြစ်သည်။ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် သုံးစွဲသူအနေဖြင့် သုံးစွဲရန်ကတိပြုထား သည့်ကာလအတွင်း ဝန်ဆောင်မှုကို မိမိသဘောဆန္ဒဖြင့် ယာယီရပ်စဲနိုင်မည်မဟုတ်ပါ။

၆.၄ သုံးစွဲသူကဝန်ဆောင်မှုအတွက်သတ်မှတ်ထားသော ပေးချေရန်ကျရောက်သည့်နေ့တွင် ငွေချေခြင်း မပြုပါက သို့မဟုတ် အထွေထွေစည်းမျဉ်းစည်းကမ်းများ၏ များ (b), (c), (d) နှင့်/သို့မဟုတ် (e) ပုဒ်မများတွင် ဖော်ပြထားသော အခြေအနေများတစ်ခုခု ဖြစ်ပေါ်လာပါက ဝန်ဆောင်မှုကို အချိန်အကန့်အသတ်မရှိ

ချက်ချင်းယာယီ ရပ်စဲနိုင်မည်ဖြစ်ပြီး ("**ဆန္ဒအလျောက်မဟုတ်သော ယာယီရပ်စဲမှုကာလ**") ပေးချေရန်နောက်ကျနေသော အခကြေးငွေများကို အပြည့်အဝ ပေးချေပြီးသည့်အခါ သို့မဟုတ် MPT နှင့် သုံးစွဲသူတို့အကြား အခြားနည်းသဘောတူနိုင်သည့်အတိုင်း ဝန်ဆောင်မှုပေးအပ်ခြင်းကို ပြန်လည်စတင်နိုင်ပါသည်။

၆.၅ (အောက်တွင်အဓိပ္ပာယ်သတ်မှတ်ထားသည့်) သုံးစွဲရန်ကတိပြုထားသည့်ကာလအတွင်း ကျရောက်သည့် ဆန္ဒအလျောက်မဟုတ်သောယာယီရပ်စဲမှုကာလကို ထိုသုံးစွဲရန်ကတိပြုထားသည့်ကာလအတွင်း ထည့်တွက်မည်မဟုတ်ပါ။ သံသယကင်းရှင်းစေရန် ဖော်ပြရလျှင် လိုအပ်သည့် သုံးစွဲရန်ကတိပြုထားသည့်ကာလ ပြည့်မီရန် ဆန္ဒအလျောက်မဟုတ်သောယာယီရပ်စဲမှုကာလနှင့်တူညီသော အချိန်ကာလအပိုင်းအခြားကို နဂိုမူလသုံးစွဲရန်ကတိပြုထားသည့်ကာလသို့ ထပ်တိုးပေါင်းထည့်သွားမည်ဖြစ်ပါသည် ("**ပြင်ဆင်ထားသော သုံးစွဲရန်ကတိပြုထားသည့်ကာလ**")။

၆.၆ MPT အနေဖြင့် (ဥပဒေအရ ခွင့်ပြုထားသည့် အတိုင်းအတာအထိ) သုံးစွဲရန်ကတိပြုထားသည့်ကာလကုန်ဆုံးပြီးနောက်တွင် ဝန်ဆောင်မှုပေးခြင်းအား သုံးစွဲသူထံသို့ ကြိုတင်အသိပေးအကြောင်းကြားခြင်းပြုလုပ်၍ဖြစ်စေ မပြုလုပ်ဘဲဖြစ်စေ၊ မည်သို့သောပေးရန်တာဝန်မျှမတင်ရှိစေဘဲ ခေတ္တရပ်စဲခြင်း (သို့မဟုတ်) အပြီးတိုင်ရပ်စဲခြင်းတို့ကို ပြုလုပ်နိုင်သည်။

၆.၇ သုံးစွဲသူအနေဖြင့် ဝန်ဆောင်မှုအား တဆင့်ပြန်လည်ရောင်းချနေသည်ဟု MPT မှ သံသယရှိပါက နှင့်/သို့မဟုတ် ယုံကြည်ရန် ထိုက်သင့်သောအကြောင်းပြချက်များအားတွေ့ရှိပါက သုံးစွဲသူထံသို့ ကြိုတင်အသိပေး အကြောင်းကြားခြင်းပြုလုပ်၍ဖြစ်စေ မပြုလုပ်ဘဲဖြစ်စေ၊ MPT တွင် မည်သို့သောပေးရန်တာဝန်မျှမတင်ရှိစေဘဲ ခေတ္တရပ်စဲခြင်း (သို့မဟုတ်) အပြီးတိုင်ရပ်စဲခြင်းတို့ကို အချိန်မရွေး ပြုလုပ်နိုင်သည်။ ထိုကဲ့သို့သော အခြေအနေတွင် သုံးစွဲသူကြောင့်ဖြစ်ပေါ်ရသည့် ဆုံးရှုံးမှုများ သို့မဟုတ် ထိခိုက်ပျက်စီးမှုများအားလုံးအတွက် MPT အနေဖြင့် တောင်းခံပိုင်ခွင့်ရှိသည်။

၆.၈ ဝန်ဆောင်မှုအား (ဝန်ဆောင်မှုပေးသောနေရာတွင်တည်ရှိသော) နေအိမ်အတွင်းရှိ အိမ်သူအိမ်သားလူပုဂ္ဂိုလ်များ အသုံးပြုမှုအတွက်သာအသုံးပြုနိုင်ရန် ခွင့်ပြုပေးထားခြင်းဖြစ်ပြီး စီးပွားရေးအရ အသုံးပြုခွင့်မရှိပါ။ ဝန်ဆောင်မှုအား MPT မှ သတ်မှတ်ထားသည့်အတိုင်း (သို့မဟုတ်) MPT မှ ခွင့်ပြုထားသည့်အတိုင်းမဟုတ်ဘဲ အခြားသော ရည်ရွယ်ချက်တစ်ခုခုအတွက် အသုံးပြုမည်ဆိုပါက အဆိုပါကဲ့သို့သော အခြားသောအသုံးပြုမှု (သို့မဟုတ်) အခြားသောရည်ရွယ်ချက်အတွက် MPT အနေဖြင့် အပိုထပ်ဆောင်းဝန်ဆောင်ခကို သတ်မှတ်ကောက်ခံနိုင်သည်။ သုံးစွဲသူအနေဖြင့် ဝန်ဆောင်မှုအသုံးပြုရသည့်ရည်ရွယ်ချက်အား ပြောင်းလဲရန် MPT ထံသို့ ကြိုတင်အသိပေးရန်ပျက်ကွက်ပြီး MPT ထံမှ စာဖြင့်ရေးသားထားသောသဘောတူညီချက်အားရယူထားခြင်းမရှိပါက ထိုကဲ့သို့ပြောင်းလဲအသုံးပြုမှုအတွက် ကျသင့်သည့်ဝန်ဆောင်ခများအား MPT မှ နောက်ကြောင်းပြန်လည်၍ တောင်းခံကောက်ခံပိုင်ခွင့်ရှိသည်။

## ၇။ ဝန်ဆောင်မှုသက်တမ်း

၇.၁ MPT သည် ဝန်ဆောင်မှုအား ဝန်ဆောင်မှုစတင်သောနေ့မှသာလျှင် စတင်၍ အနည်းဆုံး ပြက္ခဒိန်လ ခြောက် (၆) လကြာသောကနဦးကာလ(“**သုံးစွဲရန်ကတိပြုထားသည့်ကာလ**”)အတွက် ဝန်ဆောင်မှုပေးရမည်ဖြစ်ပြီး နောက်ပိုင်းတွင် သုံးစွဲသူက ရက်သုံးဆယ်(၃၀)ထက်မနည်း စာဖြင့် ကြိုတင်အသိပေးခြင်းဖြင့် မရပ်စဲမချင်း တစ်လပြီး တစ်လ ဆက်လက်ဝန်ဆောင်မှုပေးသွားရပါမည်။ သို့ရာတွင် (က) သုံးစွဲသူသည်) ဤသီးသန့်စည်းကမ်းချက်များပါဝန်ဆောင်မှုအတွက်ငွေပေးချေခြင်းတာဝန်များအပါအဝင်အခြားသောတာဝန်တစ်ရပ်ရပ်အား ချိုးဖောက်ခြင်းမရှိစေရ၊ နှင့် (ခ) ဝန်ဆောင်မှုအား သက်ဆိုင်ရာပြက္ခဒိန်လ၏ နောက်ဆုံးရက်တွင်သာ ရပ်စဲရမည်။ သံသယကင်းစေရန် ဖော်ပြရလျှင် ဝန်ဆောင်မှုစတင်သောနေ့သည် ဝန်ဆောင်မှုစတင်သော နေ့ရှိသောလ၏ ပထမဆုံးပြက္ခဒိန်ရက်မှတပါး အခြားတစ်ရက်ရက်တွင် မည်သို့ပင်ကျရောက်စေကာမူ ဝန်ဆောင်မှုစတင်သောနေ့ ရှိသောလကို သုံးစွဲရန်ကတိပြုထားသည့်ကာလ၏ ပထမလအဖြစ် မှတ်ယူရမည်။ ထို့အပြင် ဝန်ဆောင်မှုစတင်သောနေ့သည် အောက်ပါတို့အနက်မှ အစောဆုံးနေ့ ဖြစ်ရမည် -

၇.၁.၁ လျှောက်လွှာပုံစံတွင်ဖော်ပြထားသောနေ့၊

၇.၁.၂ သုံးစွဲသူမှ ဝန်ဆောင်မှုကို အမှန်တကယ်စတင်သုံးစွဲသည့်နေ့၊ သို့မဟုတ်

၇.၁.၃ စာချုပ်ဝင်များအကြား အပြန်အလှန်သဘောတူထားသည့်နေ့။

၇.၂ အထွေထွေစည်းကမ်းချက်များနှင့် ဤသီးသန့်စည်းကမ်းချက်များသည် ဝန်ဆောင်မှုပေးနေသော ကာလပတ်တစ်ခုလုံး အကျိုးသက်ရောက်နေရပါမည်။

၇.၃ MPT ၌ ဤသီးသန့်စည်းကမ်းချက်များကို မည်သည့်အချိန်တွင်မဆို ပြင်ဆင်ပြောင်းလဲပိုင်ခွင့် ရှိပါသည်။ MPT သည် ပြင်ဆင်ပြောင်းလဲမှုတစ်ခုချင်းစီအား ယင်းပြင်ဆင်ချက် အသက်မဝင်ခင် ထုတ်ဝေကြေညာရန်အတွက် သင့်လျော်သော ကြိုးပမ်းအားထုတ်မှုပြုမည်ဖြစ်ပါသည်။ ထိုသို့သောပြင်ဆင်ချက်များအား အချိန်မီသိရှိစေရန် အလို့ငှာ MPT ၏ တရားဝင်အင်တာနက်စာမျက်နှာ သို့မဟုတ် **{https://www.mpt.com.mm/en/home/ fixed-line-services/dome-pyan-en/}** အား ပုံမှန်စောင့်ကြည့်ဖတ်ရှုသွားရန် သုံးစွဲသူ၌ တာဝန်ရှိပါသည်။ သုံးစွဲသူက ပြင်ဆင်ချက်တစ်စုံတစ်ရာအား လက်မခံနိုင်ပါက ဝန်ဆောင်မှုကို ရပ်စဲနိုင်ပါသည်။ သုံးစွဲသူက ဝန်ဆောင်မှုကို ရပ်စဲသည့်အခါ အခကြေးငွေကျသင့်မှု ရှိနိုင်မည်ဖြစ်ပါသည်။

၇.၄ အထွေထွေစည်းကမ်းချက်များ၏ အပိုဒ် ၆ တွင် သတ်မှတ်ထားသည့်အတိုင်းမှအပ လျှောက်လွှာပုံစံ သို့မဟုတ် သက်ဆိုင်ရာ စာရွက် စာတမ်းတစ်ခုခုတွင် MPT နှင့် သုံးစွဲသူအကြား အခြားနည်း သဘောတူထားခြင်းမရှိပါက၊ နှစ်ဦးနှစ်ဖက်သဘောတူညီမှုနှင့် MPT က ကောက်ခံနိုင်သော သက်ဆိုင်ရာပြစ်ဒဏ်များအားပေးချေထားခြင်းမှ တစ်ပါး ဤဝန်ဆောင်မှုအား အကြောင်းအရင်းမရှိဘဲ သုံးစွဲရန်ကတိပြုထားသည့်ကာလ သို့မဟုတ် ပြင်ဆင်ထားသောသုံးစွဲရန်ကတိပြုထားသည့်ကာလအတွင်း ရပ်စဲနိုင်မည် မဟုတ်ပါ။

## ၈။ အကြောင်းကြားခြင်း

၈.၁ ဤဝန်ဆောင်မှုအရ ပေးရန် သို့မဟုတ် ပြုလုပ်ရန် လိုအပ်သော သို့မဟုတ် ခွင့်ပြုထားသော မည်သည့် အကြောင်းကြားစာ၊ တောင်းဆိုမှု သို့မဟုတ် သဘောတူခွင့်ပြုချက်ကိုမဆို စာဖြင့်ပြုလုပ်ရမည်။ အဆိုပါ အကြောင်းကြားစာ၊ တောင်းဆိုမှု သို့မဟုတ် သဘောတူခွင့်ပြုချက်တစ်ရပ်ရပ်အား တရားဝင် MPT ဝက်ဘ် ဆိုက်တွင် ထုတ်ပြန်ဖော်ပြသောအခါ MPT က ပေးပို့ပြီး သို့မဟုတ် ပြုလုပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## ၉။ အခကြေးငွေများနှင့် ငွေပေးချေမှုဆိုင်ရာစည်းကမ်းချက်များ

၉.၁ လျှောက်လွှာပုံစံပေါ်တွင် ရွေးချယ်ထားမှုအပေါ် မူတည်၍ ဝန်ဆောင်မှုအတွက် အခကြေးငွေများတွင် အောက်ပါအမျိုးအစားအချို့ သို့မဟုတ် အားလုံးပါဝင်မည် -

| **အမျိုးအစား** | **အကြိမ်ရေ** |
|---|---|
| ဝန်ဆောင်မှုစတင်ခ | ဝန်ဆောင်မှုမစတင်ခင် တစ်ကြိမ်၊ ပြန်မအမ်း |
| တပ်ဆင်ခ | တစ်ကြိမ် (စတင်ကြေးတွင်ပါဝင်ပြီးဖြစ်သည်) |
| ပစ္စည်းကိရိယာခ | တစ်ကြိမ် (စတင်ကြေးတွင်ပါဝင်ပြီးဖြစ်သည်) |
| ယာယီရပ်ဆိုင်းခ | တစ်ကြိမ် (ယာယီရပ်စဲရန်တောင်းဆိုသောအခါ) |
| လစဉ်ကျသင့်သောဝန်ဆောင်ခ | လစဉ်၊ ကြိုတင်ကောက်ခံမည် |
| လျှောက်လွှာပယ်ဖျက်ခ | တစ်ကြိမ် |
| ဝန်ဆောင်မှု အဆင့်လျှော့ချခ | တစ်ကြိမ် (တောင်းဆိုသောအခါ) |
| ကွင်းဆင်း အဖြေရှာစစ်ဆေးပေးခ | တစ်ကြိမ် (တောင်းဆိုသောအခါ) |
| ဥပစာပြောင်းရွှေ့ခ | နေရာပြောင်းရွှေ့ခြင်း သို့မဟုတ် တည်နေရာ ပြောင်းလဲခြင်း မတိုင်ခင် တစ်ကြိမ်၊ ပြန်မအမ်း |
| MPT ပစ္စည်းကိရိယာများအစားထိုးခ | တစ်ကြိမ် (သုံးစွဲသူ၏ပေါ့ဆမှု သို့မဟုတ် မလျော်ကန်သောပြုလုပ်မှုကြောင့် ပျက်စီး သို့မဟုတ် ဆုံးရှုံးသော MPT ပစ္စည်းကိရိယာများ အစားထိုးသောအခါ) |
| သုံးစွဲသူထံလွှဲပြောင်းပေးသည့် ပစ္စည်းကိရိယာများ အစားထိုးခ | ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည့်အခါ တစ်ကြိမ် |
| အထွေထွေအခကြေးငွေများ | MPT ၏ ဆုံးဖြတ်ချက်အရ လိုအပ်သလို |

၉.၂ လစဉ်ကျသင့်သောဝန်ဆောင်ခအား ဝန်ဆောင်မှုစတင်သောနေ့မှစတင်၍ လစဉ်တွက်ချက်ကောက်ခံပါမည်။ အခြားနည်းသဘောတူထားခြင်းမရှိလျှင် ဝန်ဆောင်မှုစတင်သောနေ့ပါဝင်သည့်လအတွက် အချိုးကျတွက်ချက်ထားသော လစဉ်ဝန်ဆောင်ခကို ဝန်ဆောင်မှုစတင်ခြင်းမတိုင်မီ ကောက်ခံပါမည်။ လစဉ်ကျသင့်သောဝန်ဆောင်ခအား ကြိုတင်ကောက်ခံမည်ဖြစ်ပြီး ကောက်ခံသည့်ဝန်ဆောင်ခနှင့်သက်ဆိုင်သောလမစတင်မီ ပေးချေရပါမည်။

၉.၃ ဝန်ဆောင်မှု အား MPT မှ သတ်မှတ်ထားသည့်အတိုင်း (သို့မဟုတ်) MPT မှ ခွင့်ပြုထားသည့်အတိုင်းမဟုတ်ဘဲ အခြားသော ရည်ရွယ်ချက်တစ်ခုခုအတွက် အသုံးပြုမည်ဆိုပါက အဆိုပါကဲ့သို့သော အခြားသောအသုံးပြုမှု (သို့မဟုတ်) အခြားသောရည်ရွယ်ချက်အတွက် MPT အနေဖြင့် အပိုထပ်ဆောင်းဝန်ဆောင်ခကို သတ်မှတ်

ကောက်ခံနိုင်သည်။ သုံးစွဲသူအနေဖြင့် ဝန်ဆောင်မှုအသုံးပြုရသည့်ရည်ရွယ်ချက်အား ပြောင်းလဲရန် MPT ထံသို့ ကြိုတင်အသိပေးရန်ပျက်ကွက်ပြီး MPT ထံမှ စာဖြင့်ရေးသားထားသော သဘောတူညီချက်အား ရယူထားခြင်း မရှိပါက ထိုကဲ့သို့ပြောင်းလဲအသုံးပြုမှုအတွက် ကျသင့်သည့်ဝန်ဆောင်ခများအား MPT မှ နောက်ကြောင်းပြန်၍ ပြန်လည်တောင်းခံကောက်ခံပိုင်ခွင့်ရှိသည်။

၉.၄ MPT မှ လိုအပ်သည့်အခါတိုင်း (သို့မဟုတ်) သတ်မှတ်ထားသည့် အချိန်များ၌ သုံးစွဲသူ (သို့မဟုတ်) သုံးစွဲသူ၏ အုပ်စုအဖွဲ့ဝင်တစ်ဦးဦး ပိုင်ဆိုင်သော (သို့မဟုတ်) ၎င်း၏ထိန်းချုပ်မှုအောက်တွင်ရှိသော အဆောက်အဦ အတွင်းသို့ MPT ၏ ကိုယ်စားလှယ်များ၏ ဝင်ရောက်ဆောင်ရွက်မှုကို သဘောတူခွင့်ပြုရမည်ဖြစ်ပြီး ဝန်ဆောင်မှု ပေးခြင်းနှင့်သက်ဆိုင်သည့် MPT ၏ ပစ္စည်းကိရိယာများနှင့် အခြားသောပစ္စည်းကိရိယာများအား တပ်ဆင်ခြင်း၊ သိမ်းဆည်းခြင်း၊ ဖယ်ရှားခြင်း၊ ထိန်းသိမ်းမှုပြုလုပ်ခြင်း၊ အစားထိုးလဲလှယ်ခြင်း၊ စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ နှင့်/သို့မဟုတ် စမ်းသပ်ခြင်းစသည်တို့အား လုပ်ဆောင်ရန်လိုအပ်သည့် အချိန်ကာလအထိ (သို့မဟုတ်) ဝန်ဆောင်မှုအား အသုံးပြုရာတွင် လိုက်နာရမည့် ဤသီးသန့်စည်းကမ်းချက်များနှင့် ဥပဒေများအား သုံးစွဲသူမှ လိုက်နာဆောင်ရွက်မှုတို့ကို စစ်ဆေးရန် အဆိုပါ အဆောက်အဦအတွင်း နေထိုင်ဝင်ထွက်ခွင့်ပြုရမည်။ MPT ၏ ကိုယ်စားလှယ်များအနေဖြင့် ဤအပိုဒ်အရ အဆောက်အဦတစ်ခုခုအား လာရောက်ရန်လိုအပ်ပါက အဆိုပါကဲ့သို့လာရောက်မှုနှင့် သုံးစွဲသူ၏ အဆောက်အဦတွင် လုပ်ဆောင်ရမည့်အလုပ်အတွက် MPT မှ ထိုက်သင့်စွာသတ်မှတ်ထားသည့်နည်းလမ်းအတိုင်း တွက်ချက်ထားသောငွေပမာဏဖြင့် (MPT နှင့် သုံးစွဲသူတို့ အကြား အခြားသောနည်းဖြင့် သဘောတူညီချက်မရှိပါက) သုံးစွဲသူထံမှ ကောက်ခံနိုင်သည်။

## ၁၀။ သုံးစွဲသူ၏ လိမ်လည်မှုမှ ဖြစ်ပေါ်လာသည့် အတိအကျသတ်မှတ်ထားသော နစ်နာကြေးများ

၁၀.၁ မည်သို့ပင် အခြားနည်းဆန့်ကျင်ဖော်ပြထားစေကာမူ အထွေထွေစည်းကမ်းချက်များ၏ အပိုဒ် ၆.၁(ခ) နှင့်/သို့မ ဟုတ် (ဃ) တွင် ပါဝင်သော အကြောင်းအရင်းများကြောင့် ဝန်ဆောင်မှုကို အပြီးသတ်ရပ်စဲခြင်း သို့မဟုတ် ယာယီရပ်စဲခြင်း ပြုလုပ်ပါက သုံးစွဲသူသည် MPT အား ဝန်ဆောင်မှုစတင်သည့်နေမှ ချိုးဖောက်မှု၊ လိမ်လည်မှု နှင့်/သို့မဟုတ် ဖောက်ဖျက်မှုကို MPT မှ သိရှိသည့်နေ့အထိကာလအတွက် MPT ၏ မိုဘိုင်းဖုန်းနှင့် ကြိုးဖုန်းများ (On-net နှင့် Off-net ၊ IDD) အတွက် လက်ရှိတည်ဆဲဖြစ်သည့် PAYG (Pay As You Go) နှုန်းထားများနှင့် ညီမျှသည့် အတိအကျသတ်မှတ်ထားသောနစ်နာကြေးများကို ပေးဆောင်ရန်တာဝန်ရှိရမည်ဖြစ်သည်။ ဤကိစ္စ နှင့်ပတ်သက်၍ သုံးစွဲသူသည် အတိအကျသတ်မှတ်ထားသောနစ်နာကြေးများကို အပြည့်အဝပေးဆောင်ရမည် ဖြစ်ကာ ထို့သို့အပြည့်အဝပေးဆောင်ခြင်း မရှိပါက အဆိုပါအတိအကျသတ်မှတ်ထားသောနစ်နာကြေးလက် ကျန်များ အပြည့်အဝပေးဆောင်ပြီးသည့်အချိန်အထိ တစ်နှစ် လျှင် ၃၆၅ ရက်ရှိသည်ဟု ယူဆလျက် မပေး ဆောင်ရသေးသည့်ပမာဏအပေါ် တစ်နှစ်လျှင် ၁၀% နှုန်းထားဖြင့် နေ့စဉ်တွက်ချက်ထားသည့် နောက်ထပ် အတိအကျသတ်မှတ်ထားသောနစ်နာကြေးများကို ဆက်လက်ပေးဆောင်ရန် တာဝန်ရှိမည်ဖြစ်သည်။

၁၀.၂ ဤအပိုဒ် ၁၀ သည် စာချုပ် နှင့်/သို့မဟုတ် ဥပဒေအရ MPT ၌ ရပိုင်ခွင့်ရှိသော အခြားမည်သည့်အခွင့်အရေးများ နှင့် ကုစားမှုများကိုမျှ ထိခိုက်ခြင်း မရှိစေရ။

၁၀.၃ ဤ၌တွင်ဖော်ပြထားသည့် အတိအကျသတ်မှတ်ထားသောနစ်နာကြေးများသည် သုံးစွဲသူ၏ လုပ်ရပ်များ နှင့်/သို့ မဟုတ် လစ်ဟာမှုများကြောင့် MPT က ခံစားရမည် ဖြစ်သော ဆုံးရှုံးမှုများအတွက် ကျိုးကြောင်းဆီလျော်သည့် ကြိုတင်ခန့်မှန်းချက်ကို ကိုယ်စားပြုသည်ဟု စာချုပ်အဖွဲ့ဝင်များက သဘောတူပါသည်။

**၁၁။ အာမခံချက်များ**

၁၁.၁ ဤသဘောတူစာချုပ်တွင် အတိအလင်း ဖော်ပြထားသည်မှ**အပ**နှင့် သက်ဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် အများဆုံးအတိုင်းအတာအထိ MPT သည် ဝန်ဆောင်မှုနှင့် MPT ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သည့်အာမခံချက်များကိုမျှ ပြုလုပ်**ထား**ခြင်းမရှိဘဲ အာမခံ**ချက်များ** အားလုံးကို **ငြင်းပယ်**ပြီး ယင်းတို့တွင် ရောင်းချနိုင်မှု၊ ရည်ရွယ်ချက်တစ်ရပ်ရပ်နှင့်ကိုက်ညီမှု၊ ပိုင်ဆိုင်မှုနှင့် ကျူးလွန်ချိုးဖောက်မှုမရှိခြင်းဆိုင်ရာအာမခံချက်တို့အပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာ**ဟု**ကန့်သတ်မထားပါ။ အထက်ပါအချက်အား ကန့်သတ်**ခြင်း**မရှိဘဲ MPT အနေဖြင့် ဝန်ဆောင်မှုကို အနှောင့်အယှက်ကင်းစေရန်၊ အမှားအယွင်းကင်းစေရန် သို့မဟုတ် ရာနှုန်းပြည့် အချိန်တိုင်းရရှိနေစေရန် သို့မဟုတ် ပေးပို့သော အသံ၊ ဖက်စ်၊ စာသားနှင့် အခြားဆက်သွယ်ဆောင်ရွက်မှုများအားလုံးကို အောင်မြင်စွာ ပေးပို့နိုင်ကြောင်း သေချာအောင် ဆောင်ရွက်ပေးရန်အတွက် ပေးတာဝန် သို့မဟုတ် တာဝန်ယူမှုတစ်ရပ်ရပ် ရှိမည်မဟုတ်ပါ။ MPT သည် ဝန်ဆောင်မှု၊ MPT ပစ္စည်းကိရိယာများနှင့် Software တို့ကို မည်သည့်အာမခံချက် သို့မဟုတ် ကိုယ်စားပြုတင်ပြချက်မျှ မပါဝင်ဘဲ "အရှိအတိုင်း" နှင့် "ရရှိနိုင်သည့်အတိုင်း" ပေးအပ်သွားမည်ဖြစ်သည်။ ဝန်ဆောင်မှုသည် သုံးစွဲသူ၏ လိုအပ်ချက်များ၊ သတ်မှတ်ချက်များ၊ မျှော်မှန်းချက်များအတိုင်း ဖြည့်ဆည်းပေးမည် သို့မဟုတ် ဝန်ဆောင်မှုသည် စဉ်ဆက်မပြတ်၊ အချိန်မီ၊ လုံခြုံစွာနှင့် အမှားအယွင်းကင်းမည်ဟူသော မည်သည့်အာမခံချက်**ကို**မျှ MPT က မပေးပါ။ ဝန်ဆောင်မှုသည် ဆက်သွယ်ရေး အထောက်အကူပစ္စည်းများ အသုံးချရာတွင် ရှိတတ်သည့် ကန့်သတ်ချက်များ၊ နှောင့်နှေးမှုများနှင့် အခြားသောပြဿနာများ ရှိနိုင်မည်ဖြစ်ကြောင်း သုံးစွဲသူက အသိအမှတ်ပြုပါသည်။

*Translated by Kelvin Chia Yangon Ltd on 5.6.2023*

*The foregoing is a translation of a document originally prepared in English. The translation has been done to the best of the translator's understanding and ability. Nevertheless, Kelvin Chia Yangon is not able to warrant*

*the accuracy of such said translation. Any reliance you place on the translated contents is strictly at your own risk. Kelvin Chia Yangon will not accept or incur any responsibility for any loss occasioned to any person acting or refraining from action as a result of the translated contents.*